တူဒေးစာအုပ်တိုက်

mgyoe.com



# အယ်လ်ဆေးရှင်းကို ပြုစုစောင့်ရှောက်ခြင်း

ဒေါက်တာခင်စန်းမော်

mgyoe.com

တူဒေးစာအုပ်တိုက်
ပညာရပ်စာစဉ်(၂၀)

mgyoe.com SAMPLE BOOK

# အယ်လ်ဆေးရှင်းကို ပြုစုစောင့်ရှောက်ခြင်း

## ဒေါက်တာခင်စန်းမော်

German Shepherd (Alsatian) ခွေး ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပတ်သက်၍ ခွေးငယ် ရွေးချယ်ခြင်း၊ ဝယ်ယူခြင်း၊ အိမ်မှာ နေသားကျအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အာဟာရဆိုင်ရာ လိုအပ်ချက်များ၊ မကျန်းမမာဖြစ်လျှင် ဆောင်ရွက်သင့်သည့် အချက်များ၊ သားစပ်ခြင်း အစီအစဉ်နှင့် ပတ်သက်သော အခြေခံအချက်များ စသည်တို့ ဤစာအုပ်တွင် စနစ်တကျ ဖော်ပြထားသည်၊



Design : Zawmin

ISBN 978-99971-55-14-6
9789997155146

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

**တူဒေးစာအုပ်တိုက်**

အမှတ် H ၊ လှိုင်မြင်းမိုရ်ကန်လမ်း၊ ကန်ရိပ်မွန်အိမ်ရာ၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၀၇၃၈၅၊ ၅၀၇၃၉၁၊ ၅၀၇၃၉၂
စာတိုက်သေတ္တာအမှတ် - ၁၁၀၅၁
အမှတ်-၄၊ ၂၆ ဘီလမ်း၊ ၇၈ × ၇၉ လမ်းကြား၊
မီးရထားတိုက်တန်း၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း - ၃၈၇၇၉။

mgyoe.com

mgyoe.com
SAMPLE BOOK

တူဒေးစာအုပ်တိုက်
ပထမအကြိမ်
၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ
အုပ်ရေ (၅၀၀)
တန်ဖိုး (၄,၀၀၀) ကျပ်
မျက်နှာဖုံးဒီဇိုင်း
ဇော်မင်း
ထုတ်ဝေသူ
တူဒေးစာအုပ်တိုက်
အမှတ် စီ-၂၊ အဏ္ဏဝါလမ်းသွယ်(၂)၊ ညောင်တန်းအိမ်ရာ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ
တူဒေးပုံနှိပ်တိုက်
အမှတ် ၁၁၁၂၊ ၆၃ ရပ်ကွက်၊
ရွှေတောင်ကြားလမ်းသွယ်၊ တောင်ဒဂုံ
စာမူခွင့်ပြုချက် - ၄၀၁၁၈၁၁၀၀၈
မျက်နှာဖုံးခွင့်ပြုချက် - ၄၀၀၀၈၄၀၁၀၉
ဖြန့်ချိရေး
တူဒေးစာအုပ်တိုက်
အမှတ် H ၊ လှိုင်မြင်းမိုရ်ကန်လမ်း၊ ကန်ရိပ်မွန်အိမ်ရာ၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၀၇၃၈၅၊ ၅၀၇၃၉၁၊ ၅၀၇၃၉၂
စာတိုက်သေတ္တာအမှတ် - ၁၁၀၅၁
အမှတ်-၄၊ ၂၆ ဘီလမ်း၊ ၇၈ × ၇၉ လမ်းကြား၊
မိုးရထားတိုက်တန်း၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း - ၃၈၇၇၉။

mgyoe.com

mgyoe.com SAMPLE BOOK

ပညာရပ်စာစဉ် (၂၀)

# အယ်လ်ဆေးရှင်းကို ပြုစုစောင့်ရှောက်ခြင်း

ဒေါက်တာ ခင်စန်းမော်

**THE GERMAN SHEPHERD DOG**

Horst Hegewald-Kawich

mgyoe.com

mgyoe.com SAMPLE BOOK

## ဒို့တာဝန်အရေးသုံးပါး

- ✱ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ✱ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ✱ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

---

## ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

---

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- ✱ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ✱ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

---

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✱ ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✱ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

---

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ✱ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


ထုတ်ဝေသူအမှာ
နိဒါန်း
အခန်း (၁) German Shepherd ခွေးအကြောင်း
နားလည်ရန်လေ့လာခြင်း ... ၁
အခန်း (၂) German Shepherd ခွေးတစ်ကောင်
ဝယ်ယူရန် ရွေးချယ်ခြင်း ... ၁၉
အခန်း (၃) နေသားကျအောင် ပြုလုပ်ခြင်းနှင့်
နေ့စဉ်လုပ်ငန်းဆောင်တာများ ... ၃၃
အခန်း (၄) အဆင့်မြင့်လေ့ကျင့်ရေး
သင်ခန်းစာများ ... ၇၀
အခန်း (၅) အစာကျွေးခြင်း ... ၇၅
အခန်း (၆) သန့်ရှင်းသပ်ရပ်အောင်ပြုလုပ်ခြင်းနှင့်
ကျန်းမာရေးစစ်ဆေးခြင်း ... ၈၉
အခန်း (၇) ကြိုတင်ကာကွယ်ခြင်းနှင့်
တွေ့ရများသောရောဂါများ ... ၁၀၄
အခန်း (၈) သားစပ်ခြင်းနှင့် ပြပွဲပြိုင်ပွဲဝင်ခြင်း ... ၁၂၀


mgyoe.com

mgyoe.com SAMPLE BOOK

# ထုတ်ဝေသူအမှာ

အရည်အချင်းတစ်ရပ်သည် ဗီဇပင်ကိုစိတ်နှင့် လေ့ကျင့်ပြုမူမှုတို့ ဟန်ချက်ညီညီပေါင်းစည်းနိုင်မှ ထက်မြက်ထူးချွန်ခြင်းဟူသော ဂုဏ်ရည်အဖြစ် ရောက်ရှိနိုင်သည်။ ဗီဇပင်ကိုစိတ် သက်သက်ရှိပြီး အလေ့အကျင့်မရှိလျှင်သော်လည်းကောင်း လေ့ကျင့်ပြုမူမှုကောင်းစွာပေးထားသော်လည်း ဗီဇပင်ကိုစိတ်နှင့် မကိုက်ညီသည့်သဘာဝ ဖြစ်နေလျှင်သော်လည်းကောင်း အရည်အချင်း ပြည့်ဝစွာဖော်ဆောင်နိုင်မည် မဟုတ်လား။

Garman Shepherd (Alsatian) ခွေးတို့သည် ပင်ကိုဗီဇသဘာဝအရ စောင့်ရှောက်ခြင်း၊ အကူအညီပေးခြင်း၊ ထိန်းကျောင်းကွပ်ကဲခြင်း စသောအရည်အချင်းများ ရှိပြီး ဖြစ်သည်။ ထိုသို့သောဗီဇသဘာဝပေါ်တွင် ကောင်းမွန်မှန်ကန်သော နည်းစနစ်များ ထပ်ဆောင်းကာ စနစ်တကျ လေ့ကျင့်သင်ကြားပေးမည် ဆိုပါက လူသားတို့အတွက် အလွန် အထောက်အကူရသော သက်ရှိသတ္တဝါများ ဖြစ်လာပေမည်။

ယခုစာအုပ်တွင် နာမည်ကျော်ခွေးအမျိုးအစားဖြစ်သည့် German Shepherd (Alsatian) ခွေးတို့ မွေးမြူရာ၌ လိုအပ်သည့် လေ့ကျင့်သင်ကြားပေးပုံ နည်းစနစ်များကို စနစ်တကျ ဖော်ထုတ်တင်ပြထားသည်။ သာမန် အလှမွေး အဖော်ပြုခွေး အဖြစ်ထက်သာမက အိုးအိမ်လုံခြုံရေးစောင့်ရှောက်မှုအတွက် အားထားရသည့်

mgyoe.com

mgyoe.com SAMPLE BOOK
ရဲဘော်ရဲဘက်ခွေးအဖြစ်ပါ အထောက်အကူရရန် တိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေး ပညာရှင် ဒေါက်တာခင်စန်းမော်က အသေးစိတ် ပြုစုတင်ပြထားပါသည်။

စိတ်လက်မွေ့ပျော် အဖော်လည်းပြု လုံခြုံမှုလည်း ပေးစွမ်းသည့် ခွေးအမျိုးအစား မွေးမြူလိုကြသူတို့ လက်မလွှတ်သင့်သည့် စာအုပ် ဖြစ်ကြောင်း သတင်းကောင်းပါး တင်ဆက်ထုတ်ဝေလိုက်ရပါသည်။

**တူဒေးစာအုပ်တိုက်**

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

German Shepherd (Alsatian) ခွေးသည် ဂုဏ်ပြုချီးကျူးထိုက်သော အရည်အချင်းအားလုံးနှင့် ပြည့်စုံသည်။ သူ၏ဉာဏ်ရည်ထက်မြက်အကင်းပါးမှု၊ ရဲစွမ်းသတ္တိရှိမှု၊ ခွန်အားသန်မာမှု၊ အမူအကျင့်ကောင်းမွန်မှုတို့ကြောင့် ကမ္ဘာပေါ်တွင် လူကြိုက်အများဆုံး၊ အထင်ရှား၊ အကျော်ကြားဆုံး ခွေးအမျိုးအစား ဖြစ်ရသည်။

အတိတ်ကို ခြေရာခံကြည့်လျှင် ရဲစွမ်းသတ္တိရှိသော လုံခြုံရေးခွေး၊ ရဲခွေး၊ အလုပ်လုပ်သောခွေးအဖြစ် တစ်ကမ္ဘာလုံးအနှံ့ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ German Shepherd ခွေး၏ လူသိနည်းသောအရည်အချင်း ဖြစ်သည့် နှစ်လိုဖွယ်အရည်အသွေးများနှင့် ပေါင်းစပ်လိုက်သောအခါ လူသားတို့အတွက် အလွန်ချစ်မြတ်နိုးဖွယ်ကောင်းသော အဆွေခင်ပွန်း ဖြစ်လာပါသည်။

ဤစာအုပ်တွင် German Shepherd ခွေးတစ်ကောင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်ပတ်သက်သမျှ သိသင့်သိထိုက်သော အကြောင်းအရာများကို ဖော်ပြထားသည်။ ခွေးငယ်လေးရွေးချယ်ခြင်း၊ ဝယ်ယူခြင်းနှင့် ပတ်သက်သော အကောင်းဆုံးအကြံဉာဏ်များကိုလည်းကောင်း၊ အိမ်မှာ နေသားကျအောင် ထိန်းသိမ်းစောင့်ရှောက်မှုများကိုလည်းကောင်း၊ အာဟာရဆိုင်ရာ လိုအပ်ချက်များကိုလည်းကောင်း လမ်းညွှန်ပေးထားပါသည်။ နှစ်ပေါင်းများစွာ အတွေ့အကြုံအပေါ် အခြေခံ၍ German Shepherd ခွေးကို တစ်သမတ်တည်း မြဲမြံစွာ ကိုင်တွယ်လေ့ကျင့်သင့်ကြောင်း

mgyoe.com

mgyoe.com SAMPLE BOOK

ထောက်ခံထားပြီး မကျန်းမမာဖြစ်လျှင် ဆောင်ရွက်သင့်သည့် အချက်များ၊ သားစပ်ခြင်းအစီအစဉ်နှင့် ပတ်သက်သော အခြေခံ အချက်များလည်း ပါဝင်ပါသည်။

အလုပ်လုပ်ရခြင်းကို အလွန်နှစ်သက်သော German Shepherd ခွေးအကြောင်းအား အထူးအလေးပေးပြီး ပြောကြားရာတွင် အလုပ်အနည်းငယ်သာ လုပ်ရသော ခွေးများသည် အမူအကျင့်ဆိုင်ရာ ပြဿနာများ ပေါ်လာတတ်၍ အန္တရာယ်ကြီးမားသော ခွေးအဖြစ် ပြောင်းလဲသွားတတ်ကြောင်း ထည့်သွင်းညွှန်ပြခဲ့သည်။ လေ့ကျင့်ခြင်း၊ ခန္ဓာကိုယ်ကြံ့ခိုင်ရန် စောင့်ရှောက်ခြင်း၊ သန့်ရှင်းသပ်ရပ်အောင် ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း တို့နှင့် ပတ်သက်သော အရေးကြီးသည့် အစီအစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းပြထားပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)
# German Shepherd ခွေးအကြောင်း နားလည်ရန် လေ့လာခြင်း

German Shepherd ခွေးသည် ခွေးမျိုးနွယ်ဝင်အားလုံးတို့၏ ဘိုးဘေးဘီဘင် ဖြစ်သော ဝံပုလွေနှင့် ဆင်တူဆုံးသော မျိုးရိုးတစ်ခု ဖြစ်သည်။ ဝံပုလွေနှင့် ဆင်တူသည် ဆိုသော်လည်း ကြောက်မက်ဖွယ် မရှိပါ။

## နာမည်ကြီးသည်ထက် ပိုတော်သောခွေး

German Shepherd ခွေးတွင် အထူးကောင်းမွန်သော အရည်အသွေးများနှင့် အမူအကျင့်ထူးခြားသော အရည်အသွေးများ ရှိပေသည်။ ယင်းတို့မှာ ဉာဏ်ရည်ထက်မြက်အကင်းပါးခြင်း၊ အရိပ်အကဲ ကောင်းစွာနားလည်ခြင်း၊ သန်မာအားကောင်း၍ ဆွဲဆောင်မှုရှိခြင်း၊ ဖျတ်လတ်နိုးကြားမှုကို ထက်သန်စွာ ပြသခြင်း၊ သခင်နှင့် သူ၏မိသားစု၊ ပိုင်ဆိုင်မှုတို့ကို ကာကွယ်စောင့်ရှောက်တတ်ခြင်း၊ ရဲစွမ်းသတ္တိရှိခြင်း၊ ဆုံးဖြတ်ချက်ခိုင်မာခြင်း တို့ ဖြစ်သည်။ တစ်ချိန်တည်းမှာပင် သူ့ကိုယ်သူ ယုံကြည်မှုရှိခြင်း၊ ကလေးများကို နှစ်သက်တတ်ခြင်း၊ တည်ငြိမ်၍စိတ်မလှုပ်ရှားတတ်ခြင်းတို့ကိုလည်း ပြသတတ်သေးသည်။ သင့်လျော်သော ပြုစုစောင့်ရှောက်မှုပေးပါက ကိုင်တွယ်လေ့ကျင့်ရန် အလွန်လွယ်ကူသည်။

mgyoe.com

mgyoe.com SAMPLE BOOK


သူသည် အလုပ်လုပ်ရခြင်းကို နှစ်သက်ပြီး နည်းလမ်းမျိုးစုံဖြင့် တာဝန်ထမ်းဆောင်လိုသည်။ ဥပမာ-ခြံစောင့်ခွေး၊ ရဲခွေး၊ အလုပ်လုပ်သောခွေး၊ မိသားစုအတွက် အဖော်ခွေး စသည်ဖြင့် စုံလင်လှသည်။ နှစ်စဉ်နှစ်တိုင်း ရေခဲတောင်ပြို၍ ပိတ်မိနေသောလူများကို ရာပေါင်းများစွာချီပြီး ကယ်တင်သည်။ အပျက်အစီးများအောက်မှ ရုပ်အလောင်းများကို ရှာဖွေပေးသည်။ ရဲများကို ကူညီပြီး မူးယစ်ဆေးဝါးများ၊ ဖောက်ခွဲရေးပစ္စည်းများ၊ မြှုပ်နှံထားသောရုပ်အလောင်းများကို ရှာဖွေပေးသည်။ မျက်မမြင်များကို လမ်းပြသည်၊ မသန်စွမ်းသူများ၏ အားကိုးရာ ဖြစ်စေသည်။ ယခုတိုင် ထမ်းဆောင်ဆဲဖြစ်သော နွားအုပ်၊ သိုးအုပ်များကို ထိန်းကျောင်းသည့်အလုပ်သည် သူတို့၏ မူလလုပ်ငန်းဆောင်တာပင် ဖြစ်သည်။

အချို့လူများသည် German Shepherd (Alsatian) ခွေးကိုတွေ့လျှင် စိတ်မလွတ်မလပ်ဖြစ်ရသည် ဟု ယူဆကြသည်။ ယင်းသည် ငယ်ရွယ်စဉ်ကလေးဘဝက ကြားဖူးခဲ့သော ပုံပြင်ထဲကကဲ့သို့ ဦးထုပ်နီနှင့် ကောင်မလေးကို ဝံပုလွေလိုက်ချောင်းသည့် စိတ်ကူးအခံရှိနေသောကြောင့်လား၊ German Shepherd ခွေးသည် ကလေးများကို လိုက်ဆွဲတတ်သည် ဟု ကြားဖူးနားဝရှိနေသောကြောင့်လား၊ အချို့ခွေးပိုင်ရှင်များက လူစည်ကားသောနေရာ ရောက်လျှင် ခွေးက လူကို ကိုက်မည်စိုးရိမ်၍ ထိန်းချုပ်ထားတတ်သောကြောင့်လား။ မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေ ခွေးမှာ လုံးဝအပြစ်မရှိပါ။ စိတ်အနှောင့်အယှက်ဖြစ်ရသည့် ဖြစ်ရပ်များစွာသည် လူကြောင့် ဖြစ်ရသည်က များပါသည်။

German Shepherd ခွေးကို ကြောက်ရွံ့တတ်သောသူများ ရှိကြသော်လည်း ဤခွေးအမျိုးအစားသည် ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားပြီး လူကြိုက်အများဆုံး မျိုးရိုးအဖြစ် ရှိနေဆဲ ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK


## အရိုးစွဲနေသောအလုပ်

German Shepherd ခွေး၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သော နွားအုပ်၊ သိုးအုပ် စသည့်တိရစ္ဆာန်များကို ထိန်းကျောင်းပုံအား သင်ကိုယ်တိုင်မြင်တွေ့ရလျှင် အလွန်ပျော်ရွှင်နှစ်သက်ပေလိမ့်မည်။ နှစ်စဉ်နှစ်တိုင်း ဂျာမနီနိုင်ငံတောင်ပိုင်းတွင် ကျင်းပသော သိုးထိန်းခွေးတို့၏ စွမ်းရည်ပြပွဲမှာ German Shepherd ခွေးတို့၏ အလုပ်လုပ်ပုံကို ပရိသတ်များ ရင်သပ်ရှုမောအံ့သြစွာ တွေ့မြင်ကြရသည်။

ယခုအခါ ထိုလုပ်ငန်းတာဝန်ကို အသုံးမပြုကြသော်လည်း German Shepherd ခွေး၏ အရိုးစွဲနေသော အလုပ်ဖြစ်သောကြောင့် အိမ်နှင့်ခြံကို စောင့်ရှောက်ခြင်း၊ တစ်အိမ်တည်းမှာ အတူနေသည့် ကလေးများကို စောင့်ရှောက်ခြင်း၊ အိမ်မွေးတိရစ္ဆာန်တို့ကို စောင့်ရှောက်ခြင်းအား အလိုအလျောက် လုပ်ဆောင်လေ့ရှိသည်။ တစ်နည်းအားဖြင့်ဆိုရသော် သူစောင့်ရှောက်ရန် နွားအုပ်သိုးအုပ်များကိုယ်စား သခင်နှင့် မိသားစုလူအုပ်ကို စောင့်ရှောက်ထိန်းကျောင်းနေခြင်းပင် ဖြစ်သည်။

## စွမ်းရည်ပြသလိုခြင်း


မျိုးကောင်းမျိုးသန့်ခွေးကိုသာ ရွေးချယ်သားစပ်ခြင်း၊ စနစ်တကျ မှန်ကန်စွာ ပြုစုစောင့်ရှောက်ခြင်း၊ တစ်သမတ်တည်း မြဲမြံစွာ လေ့ကျင့်ခြင်းတို့သည် ပင်ကိုပါရမီရှိသော German Shepherd ခွေး၏အရည်အသွေးကို အကောင်းဆုံးအနေအထား ရောက်စေသည်။ ထို့ပြင် သူ၏ဉာဏ်ရည်ထက်မြက်အကင်းပါးမှု၊ ခွန်အားသုံးစွဲလိုမှု၊ အလုပ်လုပ်လိုမှုတို့ကို ကောင်းစွာထိန်းကျောင်းသည့် အနေဖြင့် အလုပ်များများ လုပ်ခိုင်းရမည်။

အလုပ်တာဝန်မထမ်းဆောင်ရဘဲ စားလိုက်အိပ်လိုက်နှင့်သာ နေရပါက ပိုင်ရှင်နှင့် သူ့ပတ်ဝန်းကျင်ကို အနှောင့်အယှက်

mgyoe.com

mgyoe.com SAMPLE BOOK


ပေးတတ်သည်။ မကြာခင် စိတ်ထားဂနာမငြိမ်ဖြစ်လာပြီး ရန်လိုသည့်အပြုအမူများ ဖြစ်ပေါ်လာမည်။



ဤ German Shepherd ခွေးသည် တစ်နေ့လျှင် ၁၂ နာရီထက်မက ခရီးတာများစွာပြေးလွှားသွားလာပြီး သိုးအုပ်ကို ထိန်းကျောင်းသည်။

**ဘိုးဘေးအဆက်အနွယ်များ**

ဘီစီ ၃၇ အစောပိုင်းကာလတွင် စွယ်စုံကျမ်းရေးသူ ရောမပညာရှင် Marcus Terentius Varo သည် မုဆိုးများထံမှ ခွေးများဝယ်ယူ၍ သိုးအုပ်၊ နွားအုပ်များ ထိန်းကျောင်းလိုသော လယ်သမားများကို ဆန့်ကျင်သည့်အနေနှင့် သတိပေးခဲ့သည်။ သိုးထိန်းခွေးတို့၏ ပင်ကိုပါရမီကိုလည်း သားသတ်သမားထံမှရသော ခွေးသည် တိရစ္ဆာန်များကို ထိန်းကျောင်းခြင်းထက် တိုက်ခိုက်လိုခြင်း ပြင်းပြတတ်သည်၊ အမဲလိုက်မုဆိုးများထံမှရသော ခွေးသည် တိရစ္ဆာန်များနောက်မှ မောင်းနှင်ခြောက်လှန့်တတ်သည် ဟု သူက ယူဆခဲ့သည်။


mgyoe.com

mgyoe.com
SAMPLE BOOK


ဤမှတ်တမ်းများအရ မွေးမြူရေးသမားများသည် သူတို့၏ နွားအုပ်၊ သိုးအုပ်များကို ထိန်းကျောင်းရန် ခွေးများကို အသုံးပြုခဲ့သည်မှာ နှစ်ပေါင်း ၂၀၀၀၊ သို့မဟုတ် ၂၀၀၀ နှင့်အထက် ရှိနေပြီ ဟု သက်သေအထောက်အထားပြနိုင်ပါသည်။ ထိုကာလမှ ၁၆ ရာစုထိတိုင်အောင် သိုးထိန်းခွေးအဖြစ် သုံးခဲ့သော ခွေးများမှာ ကြီးမားထွားကျိုင်းသောခွေးများ ဖြစ်ကြသည်။ ဝံပုလွေတို့ကဲ့သို့ လည်မျိုကို ကိုက်ခဲနိုင်သော စွမ်းရည်၊ သိုးအုပ် နွားအုပ်များကို လာရောက်ခိုးယူမည့်လူနှင့် သားရဲတိရစ္ဆာန်တို့ရန်မှ ကာကွယ်စောင့်ရှောက်နိုင်သော စွမ်းရည်ရှိသည့် ခွေးများကိုသာ အသုံးပြုကြသည်။ သိုးထိန်းခွေး၏ပုံသဏ္ဍာန်ကို ဖော်ပြရာ၌ ခန္ဓာကိုယ်ကြီးမားထွားကျိုင်း၍ ရှည်လျားကောက်ကွေးသော အမွေးများရှိသည် ဟု ဖော်ပြခဲ့သည်။

## အလယ်ခေတ်နှောင်းပိုင်းကာလ

လူဦးရေ လျင်မြန်စွာ ထူထပ်များပြားလာသည့်အလျောက် သိုးထိန်းခွေးအဖြစ် အလယ်အလတ်အရွယ်အစားရှိပြီး လျင်မြန်စွာ လှုပ်ရှားနိုင်သော ခွေးများကို ရွေးချယ်အသုံးပြုလာကြသည်။ ထိုခွေးများကို "dung-barkers" ဟု ခေါ်ကြပြီး လယ်သမားများက သူတို့ပိုင် လယ်ယာမြေကို စောင့်ရှောက်ရန် မွေးမြူခဲ့ကြသည်။



Hektor Linksrhein သည် German Shepherd ခွေး၏ မျိုးရိုးမှတ်တမ်းတွင် ပထမဆုံး မှတ်ပုံတင်ထားသော ခွေးထီး ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


သိုးမွေးမြူသူများသည် ရာသီမရွေး အလုပ်လုပ်နိုင်သော ခွေး၊ လေ့ကျင့်ပေးလျှင် ကောင်းစွာ နာခံပြီး ထက်မြက်သောခွေး၊ သက်လုံကောင်း၍ခွန်အားပြည့်ဝသောခွေးကို လိုလားသောကြောင့် ရွေးချယ်သားစပ်လာကြသည်။ ထို့အတူ ရန်သူကို တိုက်ခိုက်တတ်သော၊ လိုအပ်လျှင် ကိုက်ခဲတတ်သော စွမ်းရည်ကိုလည်း လိုလားသည်။ သို့မှသာ တိရစ္ဆာန်များကို ထိန်းကျောင်းရာ၌ အသုံးပြုနိုင်ပေမည်။ မြင်သမျှ တွေ့သမျှ တိရစ္ဆာန်များကို ကိုက်လေ့ရှိသော ခွေးရိုင်းများသည် မွေးမြူရေးတိရစ္ဆာန်များအား ဒဏ်ရာရစေသဖြင့် ထိုခွေးများကို ပယ်ခဲ့ကြသည်။ သိုးထိန်းခွေးများ၏အမွေးသည် မူလက ရှည်လျားထူထပ်ပြီး အမွေးအမှင်ကြမ်းတမ်းရှုပ်ထွေးသောကြောင့် ဝံပုလွေကိုက်သည့်ဒဏ်မှ အတော်အတန်ကာကွယ်နိုင်သည်။

ဝံပုလွေတို့ ကျက်စားနေကျ တောရိုင်းမြေကို လူတို့က လယ်ယာမြေသစ်များအဖြစ် ချဲ့ထွင်ထူထောင်ပြီး ဝံပုလွေတို့ကို မောင်းထုတ်နိုင်လာသောအခါ သိုးထိန်းခွေးတို့၏အမွေးကို ရှည်လျားရှုပ်ထွေးသော အခြေအနေမှ ခပ်တိုတိုအနေအထား ဖြစ်စေလိုကြသည်။ ထိုကာလရှိ သိုးထိန်းခွေးတို့၏ အသွင်အပြင်မှာ အမျိုးမျိုးအစားစား ဖြစ်နေသည်။ ဥပမာ ထောင်သောနားရွက်၊ အဖျားခေါက်ချိုးနေသော နားရွက်၊ တွဲလျားကျသော နားရွက်တို့ ဖြစ်နေသည့်ခွေးများ၊ အမွေးဖြောင့်စင်းသော ခွေးများ၊ အမွေးရှည်လျားရှုပ်ထွေးသောခွေးများ၊ အမွေးတွန့်လိမ်ကောက်ကွေးနေသောခွေးများ၊ အမြီးကောက်သောခွေး၊ အမြီးတွဲလျားချထားသောခွေးစသဖြင့် စုံလင်လှသည်။ အမွေးအရောင်သည်လည်း အမျိုးမျိုးကွဲပြားခြားနားသည်။ နောက်ပိုင်းမှာ သိုးထိန်းခွေးတို့၏အသွင်အပြင်ကို စိတ်ကြိုက်ပုံစံဖြစ်အောင် ရွေးချယ်သားစပ်လာရာမှ အမွေး ဖြောင့်စင်း၍ နားရွက်ချွန်ပြီး အမြီးတွဲလျားချထားသည့် ခွေးပုံစံ ဖြစ်လာကြပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ရွေးချယ်သားစပ်ခြင်း၏အစ

၁၈၉၉ ခုနှစ်တွင် မြင်းတပ်ဗိုလ်ကြီး Max Stephanitz သည် သူ၏သူငယ်ချင်းဖြစ်သူ Arthur Meyer က ခွေးပြပွဲတစ်ခုမှာ တွေ့ခဲ့သော သိုးထိန်းခွေးအထီး Hektor Linksrhein ကို စတင်မွေးမြူခဲ့သည်။ ထိုခွေးသည် Frankfurt မှ သိုးထိန်းခွေးမွေးမြူသူ Friedrich Sparwasser ၏ခွေး ဖြစ်သည်။ Stephanitz သည် သိုးထိန်းခွေးတစ်ကောင်အတွက် သူ့စိတ်ထဲမှာ ကြိုတင်ရည်မှန်းထားခဲ့သော အရည်အသွေးအားလုံးကို ပိုင်ဆိုင်သည် ဟု သတိထားမိသောကြောင့် ထိုခွေးကို ဝယ်ယူခဲ့သည်။ သူသည် ထိုခွေးကို Horand von Grafrath ဟု နာမည်အသစ် ပြန်ပေးသည်။ ထိုခွေးသည် ၁၈၉၉ ခုနှစ်၊ ဧပြီလတွင် စတင်ဖွဲ့စည်းခဲ့သော ဂျာမန်သိုးထိန်းခွေးအဖွဲ့အစည်း၏ ပထမဦးဆုံး မှတ်ပုံတင်သော ခွေးဖြစ်လာသည်။ ယင်းသည် German Shepherd ခွေးအားလုံးတို့၏ မျိုးရိုးအစပင် ဖြစ်သည်။

Max Von Stephanitz သည် German Shepherd ခွေးကလပ်၏ တည်ထောင်သူဥက္ကဋ္ဌ ဖြစ်ပြီး သူ၏ဦးဆောင်မှုအောက်တွင် ဂျာမန်သိုးထိန်းခွေးများ မွေးမြူခြင်းသည် ရုတ်တရက် ကျော်ကြားလာခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် မှတ်ပုံတင်ထားသော German Shepherd ခွေးမှာ ၅၀၀၀၀ အထိ ရှိလာသည်။ သို့သော် ထိုအချိန်၌ တချို့အရည်အသွေးများ ယိုယွင်းပျောက်ကွယ်လာသောကြောင့် အရေးကြီးသော အခြေအနေသို့ ရောက်ရှိခဲ့သည်။ ဥပမာ-နောက် ခြေထောက်မှာ အရိုးများ သိသာစွာငေါ်ထွက်ပြီး ထောင့်ကွေး ထင်ရှားစွာ ပေါ်လာခြင်းကို သတိပေးခဲ့ရသည်။

အလုပ်လုပ်နိုင်သော စွမ်းရည်တစ်ခုတည်းကိုသာ ဦးတည်၍ ရွေးချယ်သားစပ်နေခြင်းသည် ခွေး၏ပြင်ပအသွင်သဏ္ဌာန်ပေါ်မှာ ရိုက်ခတ်မှုစတင်ဖြစ်ပေါ်လာသည်။ လယ်ယာစိုက်ပျိုးရေးက ဖွံ့ဖြိုးပြီး သိုးမွေးမြူရေးက ကျဆင်းလာသောအခါ သိုးထိန်းခွေး

mgyoe.com

mgyoe.com SAMPLE BOOK

ဝယ်လိုအားမှာလည်း ကျဆင်းလာခဲ့သည်။ German Shepherd ခွေးများသည် သားစပ်ရောင်းချသူတို့၏ လက်ထဲမှာသာ သောင်တင်နေကြသည်။ ထိုအချိန်တွင် ဥရောပရှိ နေရာအနှံ့အပြားက ဝယ်လိုအားမြင့်တက်လာပြီး ဂျာမန်သိုးထိန်းခွေးအဖွဲ့အစည်းမှလည်းကောင်း၊ အခြားခွေးမွေးမြူသူများထံမှလည်းကောင်း ခွေးဝယ်ယူကြပေသည်။

## လမ်းကြောင်းမှန်သို့ ရောက်ရှိခြင်း

တင်းကျပ်သော စည်းကမ်းများ ချမှတ်ခြင်း၊ စည်းကမ်းလိုက်နာမှု ရှိ မရှိ စစ်ဆေးခြင်း၊ သားစပ်ရန် သင့်တော်သည့်ခွေးတို့ကို ရွေးချယ်ခြင်း စသောအလုပ်များကို စတင်လုပ်ဆောင်လာပြီး ခွေး၏အလုပ်လုပ်နိုင်သည့် စွမ်းရည်များကို အထူးဂရုပြုပေါင်းစပ်လိုက်သောအခါ German Shepherd ခွေးတို့၏ ဥပမိရုပ်အားမြင့်မားတိုးတက်စေသည်။

မျိုးရိုး၏စံပြအနေအထားကို ထိန်းသိမ်းကာ သားစပ်ရန်သင့်တော်မှု ရှိမရှိ ဆုံးဖြတ်နိုင်သော ကျွမ်းကျင်သူများ ပါဝင်သည့်အဖွဲ့အစည်းသည် ဂျာမနီနိုင်ငံတွင် ယခုထက်တိုင် ရှိသေးသည်။ ထိုအဖွဲ့သည် သားစပ်ရန် မသင့်တော်သော ခွေးများကို ပိတ်ပင်ဟန့်တားပြီး အရည်အချင်းကိုက်ညီသည့်ခွေးများကိုသာ စနစ်တကျသားစပ်ရန် ကန့်သတ်၍ ခွင့်ပြုသည်။

ဒုတိယကမ္ဘာစစ်ကာလရောက်သည့်တိုင်အောင် မျိုးရိုးအရည်အသွေးသည် ဆက်လက်တိုးတက်မြင့်မားခဲ့သည်။ သို့သော် စရိုက်သဘာဝ၊ အမူအကျင့်တို့ထက် ခန္ဓာကိုယ်ပြင်ပပုံသဏ္ဌာန်လှပသော ခွေးများက ဈေးပိုရသည်။

ထိုအချိန်တွင် မြောက်မြားစွာသောအရည်အသွေးကောင်းများကို ပိုင်ဆိုင်သည့် German Shepherd ခွေးသည် အခြားခွေး

mgyoe.com

mgyoe.com SAMPLE BOOK


များထက် ထင်ရှားကျော်ကြားလာသည်။ အကောင်းဆုံး German Shepherd ခွေးအများစုသည် ဒုတိယကမ္ဘာစစ်တွင် စစ်မှုထမ်းရန် ဆင့်ခေါ်ခြင်း ခံရပြီး တပ်စခန်းကို စောင့်ရှောက်သည့်ခွေး၊ ဆေးတပ်ဖွဲ့မှ ခွေး၊ သတင်းပို့ပေးသည့်ခွေးများအဖြစ် တာဝန်ထမ်းဆောင်ရပေသည်။ ထို့ကြောင့် ဒုတိယကမ္ဘာစစ်၏ ရှေ့တန်းစစ်မျက်နှာတိုင်းမှာ သစ္စာရှိလှသော German Shepherd ခွေးများ အသက်စွန့်ခဲ့ရသည်။

## မျိုးရိုးထွန်းကားရန် ပြန်လည်ကြိုးပမ်းခြင်း

စစ်ကြီးပြီးဆုံးသွားသောအခါ German Shepherd ခွေးများ သားဖောက်ခြင်းလုပ်ငန်းမှာ လုံးဝနီးပါး ပျက်သုဉ်းသွားသည်။ အကောင်းဆုံးခွေးများသည် စစ်အတွင်းသေကျေပျက်စီးခဲ့ရသလို မဟာမိတ်တပ်များ၏ လက်တွင်းသို့ ကျရောက်သွားရသည်လည်း ရှိသည်။ အမေရိကန်စစ်သားများသည် German Shepherd ခွေးများစွာကို သူတို့နှင့်အတူ ယူဆောင်သွားကြသည်။ ဤခွေးများသည် အမေရိကန်ပြည်ထောင်စုရှိ ပထမတန်းစား German Shepherd ခွေးမျိုးရိုး၏ မူလအစပင် ဖြစ်သည်။

ဤသတင်းသည် ဂျာမန်ခွေးမွေးမြူရေးသမားတို့အား မခံချိမခံသာဖြစ်စေသည်။ နောက်ပိုင်းတွင် အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီ ဟူ၍ နှစ်ပိုင်း ခွဲခြားခံရသောအခါ နှစ်ခြမ်းလုံးမှာရှိသော ခွေးမွေးမြူသူတို့က အချင်းချင်း ကူးလူးဆက်သွယ်လဲလှယ်မှု တစ်စုံတစ်ရာမလုပ်ဘဲ German Shepherd ခွေးမျိုးဆက်များကို ပြန်လည်ပျိုးထောင်ယူကြသည်။ နှစ်ပေါင်း ၄၀ ကျော် ကြာပြီးသည့်နောက် အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီတို့တွင် မျိုးရိုးပုံစံနှစ်မျိုး ဖြစ်သည့် German Shepherd ခွေးများ ဖြစ်လာကြပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


## ဂျာမန်သိုးထိန်းခွေး (German Shepherd Dog-Alsatian)

သူ၏ဉာဏ်ရည်ထက်မြက်အကင်းပါးမှု၊ လေ့ကျင့်ကိုင်တွယ်ထိန်းကျောင်းနိုင်မှု၊ အလုပ်လုပ်ရန် ဆန္ဒထက်သန်မှု၊ ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်ပြည့်ဝမှုတို့က အလွန့်အလွန် ထူးခြားကောင်းမွန်သော အရည်အသွေးရှိသည့် ခွေးအဖြစ်သို့ ရောက်စေသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် အထင်ရှားအကျော်ကြားဆုံး၊ လူကြိုက်အများဆုံး အဆင့်အတန်းမှာ ရှိသည်။ မျိုးရိုး၏ စံပြအနေအထားကို သတ်မှတ်ရာတွင် ကြွန္ဓေရသော လမ်းလျှောက်ဟန်ရှိပြီး မာကျောထူထဲ ပြားကပ်ကြမ်းတမ်းသော အမွေး ရှိရမည်။ ထူထဲသော အောက်ခံအမွေးပေါ်တွင် ဖြောင့်စင်းသော အပေါ်ယံ အမွေးများက ဖုံးလွှမ်းထားရမည်။ အတွေ့ရအများဆုံးသော အရောင်များမှာ တစ်ကိုယ်လုံး အမည်းရောင်၊ ခါးပိုင်းအမည်းရောင်နှင့် ညိုဝါရောင်၊ ခါးပိုင်းအမည်းရောင် နှင့် ရွှေဝါရောင်၊ ခါးပိုင်းအမည်းရောင်နှင့် မီးခိုးရောင် အမှတ်အသားတို့ ဖြစ်ကြသည်။



တစ်ကိုယ်လုံးအမည်းရောင်ရှိသော အမွေးရှည်ခွေးအမနှင့် အမည်းရောင်၊ ဝါညိုရောင်ရှိသော အမွေးတိုခွေးအထီး။

mgyoe.com

mgyoe.com
SAMPLE BOOK






◀ ခါးပိုင်းအမည်းရောင်နှင့် ဝါညိုရောင်အမွေးရှည် ခွေးအထီး



▲ ဝံပုလွေကဲ့သို့ မီးခိုးရောင် အမွေးတိုခွေးထီး



▲ ခါးပိုင်း အမည်းရောင်နှင့် ဝါညိုရောင် အမွေးတိုခွေးထီး



▲ အသက် ၆ ပတ်သား အမွေးတိုခွေးငယ်လေး



▲ ယနေ့မြင်တွေ့ရသော German Shepherd ခွေးသည် ရှေးဂျာမန်သိုးထိန်းခွေးမှ ဆင်းသက်လာသည်။

mgyoe.com


mgyoe.com SAMPLE BOOK


## မျိုးရိုး၏စံပြုအနေအထား

စံပြုအနေအထား သတ်မှတ်ခြင်းသည် ဇာတိနိုင်ငံမှာ ရှိခဲ့သော မူလမျိုးရိုးအသွင်အပြင်နှင့် နိုင်ငံတွင်းရှိ ကလပ်များမှ မိဘမျိုးရိုးတို့၏ ပုံပန်းသဏ္ဌာန်ပေါ် မူတည်၍ ရေးဆွဲထားခြင်းဖြစ်သည်။

## အထွေထွေအသွင်အပြင်

German Shepherd ခွေးသည် ခွန်အားရှိသော၊ အလွယ်တကူ ကွေးညွတ်နိုင်သော၊ ကောင်းမွန်သော ကြွက်သားများဖြင့် ဖွဲ့စည်းထားသောခွေး ဖြစ်သည်။ နားရွက်ဖျားမှ အမြီးအဖျားထိအောင် ကျောပြင်တစ်လျှောက် ပြေပြစ်စွာ နိမ့်လျောဆင်းသွားသည်။ အနည်းငယ်မျှ ဖုထစ်နေခြင်း မရှိပေ။ ခန္ဓာကိုယ်သည် အနည်းငယ် ရှည်မျောမျော ဖြစ်နေသည်။ ကိုယ်ထည်၏အဝန်းသည် ပခုံးထိ အမြင့်ထက် ပို၍ရှည်သည်။



ရွေးချယ်သားစပ်ထားသော ခွေး။ ကျောပိုင်းပြေပြစ်စွာ ဆင်းသွားသည်။ အလုပ်ကောင်းစွာ လုပ်နိုင်သည်။

## အမူအကျင့်

သမာသမတ်ကျသော၊ ဉာဏ်ရည်ထက်မြက်သော၊ အကင်းပါးသော၊ သူ့ကိုယ်သူယုံကြည်မှုအပြည့်ရှိသော၊ စိတ်ထားမျှတသော၊ ကောင်းသောသဘာဝ ရှိသည်။ ထို့ပြင် အလုပ်ကြိုးစားလုပ်လို

mgyoe.com

mgyoe.com SAMPLE BOOK


သည်။ သတ္တိရှိသည်၊ စိတ်ဓာတ်ပြင်းထန်မာကျောသည်။ ခွေးသည် သခင်ကို ချစ်ခင်နှစ်သက်ခြင်းနှင့် ကြောက်ရွံ့မှုနည်းခြင်း နှစ်မျိုးစလုံး ဖြစ်နိုင်သည်။

**အရွယ်အစားနှင့် ကိုယ်အလေးချိန်**

အလယ်အလတ် အရွယ်အစားရှိသောခွေး ဖြစ်သည်။

| | | |
|---|---|---|
| ပခုံးထိအမြင့် | - အထီး | ၂၄-၂၆ လက်မ (၆၃-၆၄ စင်တီ) |
| | အမ | ၂၂-၂၄ လက်မ (၅၈-၅၉ စင်တီ) |
| ကိုယ်အလေးချိန် | - ၇၀. ၅ ပေါင် (၃၂ ကီလို) | |
| ကနေဒါနိုင်ငံ | - အထီး | ၇၅-၈၅ ပေါင် (၃၄-၃၈. ၅ ကီလို) |
| သတ်မှတ်ချက် | အမ | ၆၀-၇၀ ပေါင် (၂၇. ၂-၃၁. ၈ ကီလို) |

**ဦးခေါင်း**

ဦးခေါင်းသည် ခန္ဓာကိုယ်နှင့် အချိုးအစား ကျနစွာရှိပြီး သီးသီးသန့်သန့် မြင်ရသည်။ နားရွက်နှစ်ခုကြားမှာ အသင့်အတင့် ကျယ်ဝန်းစွာရှိသည်။ နဖူးသည် အတန်ငယ် ထိပ်လုံးသောသဏ္ဌာန် ရှိသည်။ ဦးခေါင်းထိပ်မှမျက်မှောင်ထိ အရှည်သည် ဦးခေါင်းအရှည်၏တစ်ဝက်ခန့် ရှိသည်။ နှာခေါင်းမှာ အမည်းရောင် ဖြစ်ပြီး နှုတ်သီး ဖြောင့်တန်းသည်။

**သွားများ**

အထက်အောက်မေးရိုးတို့နှင့် ကတ်ကြေးညှပ်သလို ကိုက်တတ်သောကြောင့် ရှေ့သွားများ တစ်ခုနှင့်တစ်ခု တိတိကျကျ ထိတွေ့နေသည်။ ခွေးငယ်လေးဘဝတွင် သွား ၂၈ ချောင်း ရှိပြီး အရွယ်ရောက်ခွေး ဖြစ်လာသောအခါ အပေါ်သွား ၂၀၊ အောက်သွား ၂၂ ချောင်း၊ စုစုပေါင်း ၄၂ ချောင်း ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

**နားရွက်များ**

အလယ်အလတ် အရွယ်အစား ရှိသည်။ အောက်ခြေ ကျယ်ဝန်းကာ ဦးခေါင်းပေါ်မှာ မြင့်မားစွာ ထောင်နေသည်။ နား ရွက်အဖျားချွန်ပြီး နားရွက်အတွင်းပိုင်းသည် ရှေ့ဘက်သို့လှည့်၍ ပွင့်နေသည်။ ခွေးငယ်ဘဝတွင် နားရွက်များသည် တစ်ခါတစ်ရံ အောက်သို့ကျနေပြီး ခြောက်လနောက်ပိုင်းမှ ထောင်သွားသည်။

**မျက်လုံးများ**

မည်းမှောင်နေရမည်။ ဗာဒံသီးပုံစံ ရှိပြီး အနည်းငယ် စောင်းလျှောကျနေသည်။ အပြင်သို့ပြူး၍ ကျွံထွက်နေခြင်း မရှိ။ ဖျတ်လတ် အကင်းပါးပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက်ရှိသော အသွင် အပြင် ရှိသည်။

**လည်ပင်း**

အသင့်အတင့်ရှည်လျားသည်၊ ကြွက်သားများဖြင့် ကောင်း စွာ ဖွဲ့စည်းထားသည်။ လည်ချောင်းမှာ တွဲလောင်းကျသော အရေ ပြားအတွန့်အခေါက်မရှိဘဲ တင်းတင်းရင်းရင်း ရှိသည်။ ခွေးသည် တစ်စုံတစ်ရာကို သတိပြုသည့်အနေအထား ဖြစ်ပါက လည်ဆစ်ရိုး ခုနစ်ဆစ်သည် ခပ်မတ်မတ်ပုံ ဖြစ်လာမည်။ အခြားအချိန်၌ ကျော ရိုးနှင့် တစ်ညီတည်း ရှိသည်။

**ခန္ဓာကိုယ်အပေါ်ဘက်လိုင်းကြောင်း**

နားရွက်ဖျားမှ ကျောရိုးတစ်လျှောက် အမြီးဖျားတိုင်အောင် ပြေပြစ်စွာ ဆင်းသွားသည်။ အတွန့်အခေါက်လိုင်းများ မရှိပေ။

**ပခုံး**

မြင့်မားပြီး အလွန်ထင်ရှားသည်။ ခွေးသည် မတ်မတ်ရပ်

mgyoe.com

mgyoe.com
SAMPLE BOOK


နေပါက ကျောကုန်းတစ်လျှောက်မှာ အမြင့်ဆုံးနေရာ ဖြစ်သည်။

**ကျော**

ကျောပြင်ဖြောင့်တန်းပြီး ကြွက်သားများ အားကောင်းပြည့်ဖြိုးသည်။ ခုံးခြင်း၊ ခွက်ခြင်း မရှိ။ ကျောရိုးဆစ် ၁၃ ခု ရှိသည်။ ပေါင်ခွင်သည် ကျယ်ပြန့်ပြီး သန်မာသည်။ ခါးဆစ်ရိုး ၇ ခုသည် တစ်ခုနှင့်တစ်ခု မြဲမြံစွာ ချိတ်တွဲနေသည်။

**တင်ပါး**

ကျောရိုးတစ်လျှောက် ညီညာစွာ ဆင်းလာရာက တင်ပါးနေရာမှာ တဖြည်းဖြည်းစောင်းလျှောဆင်းသွားသည်။ ကျောပြင်နှင့် တစ်ညီတည်းရှိသော တင်ပါး၊ သို့မဟုတ် ပြားသော တင်ပါးသည် နောက်ခြေထောက်များ၏ လှုပ်ရှားမှုအဝဝကို တားဆီးသည်။ ထို့ကြောင့် တင်ပါးသည် ခန္ဓာကိုယ်၏အောက်ဘက်သို့ အနည်းငယ်နိမ့်ဆင်းရမည်။

**အမြီး**


အမြီးသည် ၁၈ ခုမှ ၂၃ ခုရှိသည့် မြီးညောင်းရိုးအဆစ်များဖြင့် ဖွဲ့စည်းထားသည်။ အမြီး၏အရိုးဆစ်သည် ဒူးနောက်ဘက်အချိုင့်ထိ ရောက်မည်။ ရှေ့ဘက်သို့ ကွေးသွားခြင်း မရှိ။ အနားယူချိန်တွင် အမြီးသည် အနည်းငယ်ကွေးနေမည်။ လမ်းသွားသည့်အခါ၊ ပျော်မြူးသည့်အခါ အမြီးကို ထောင်၍သွားတတ်သော်လည်း ကျောရိုးနှင့် ထောင့်မှန်အနေအထားထက် ရှေ့ဘက်သို့ မရောက်ရပါ။ အမြီးဖျားက ခါးဘက်သို့ ကွေးနေခြင်း မဖြစ်ရ။

**ခန္ဓာကိုယ်အောက်ဘက်လိုင်းကြောင်း**

လည်ပင်းမှစပြီး ရင်ညွန့်အထက်ပိုင်း၊ ရင်ဘတ်အောက်

mgyoe.com

mgyoe.com SAMPLE BOOK



'လွန်ကဲသောပုံစံ' ခွေး၏ ကျောဘက်လိုင်းသည် နောက်ဘက်သို့ အလွန်နိမ့်လျှောဆင်းသွားသဖြင့် အရိုးအဆစ်ဆိုင်ရာ ပြဿနာများ ဖြစ်တတ်သည်။

ပိုင်းမှ ပေါင်ခြံအထိ စောင်းလျှောဆင်းလာသည်။ ဝမ်းဗိုက်သည် ကျစ်ကျစ်လျစ်လျစ် ရှိပြီး ပေါင်ခြံနားတွင် အတန်ငယ် တင်းတင်းကျပ်ကျပ် ဖြစ်နေသည်။ ရင်ဘတ်ပိုင်း ပြည့်ဖြိုးအားကောင်းသည်။ ပခုံးထိအမြင့်နှင့် ခန္ဓာကိုယ်အလျား၏အချိုးမှာ ၉/၁၀ ရှိသည်။ ဥပမာ ခွေး၏ပခုံးထိအမြင့်သည် ၂၄ လက်မ ဖြစ်လျှင် ခန္ဓာကိုယ်အလျားသည် ၂၆ လက်မ ရှိသည်။ ရင်ဘတ်အောက်ပိုင်း စောက်အနက်ရှည်လျားပြီး နံရိုးများ အနည်းငယ် ခုံးထနေသည်။ သို့သော် ရင်ဘတ်စောက်အနက်သည် ပခုံးထိအမြင့်၏ တစ်ဝက်ခန့်သာ ရှိရမည်။

## ရှေ့ခြေများ

ပခုံးစောင်းများ ရှည်လျားပြီး ခပ်စောင်းစောင်း ဖြစ်နေသည်။ လက်ပြင်ရိုး ပြားသည်။ ရှေ့ဘက်သို့ ငေါထွက်နေခြင်း မရှိ။ လက်မောင်းကြွက်သား ဖွံ့ဖြိုးကာ ညာဘက်စောင်းသည်။ ခန္ဓာကိုယ်နှင့် ကပ်နေသည်။ ညာဘက်မှာ ထောင့်ကွေးသဏ္ဌာန် ဖြစ်နေသည်။ မည်သည့်ရှုထောင့်ကကြည့်သည်ဖြစ်စေ၊ ရှေ့ခြေများ ဖြောင့်တန်းသည်ကို မြင်ရသည်။ ရှေ့ခြေနှစ်ဖက်သည် တစ်ခုနှင့်တစ်ခု မဝေးကွာရ။ ကွေးနေခြင်း မရှိရ။

mgyoe.com

mgyoe.com
SAMPLE BOOK


**နောက်ခြေများ**

ပေါင်ရင်းနှင့် တင်ပါးပိုင်းသည် ကျယ်ပြန့်ပြီး သန်မာသောကြွက်သားများဖြင့် ဖွဲ့စည်းထားသည်။ ပေါင်ထိပ်ပိုင်းသည် အသင့်အတင့်ရှည်လျားကာ အောက်ဘက်သို့ ထောင့်ကွေးသဏ္ဍာန် ကွေးဆင်းသွားသည်။ ခြေကျင်းဝတ်နှင့် ခြေချောင်းရိုးတို့သည် သန်မာပြီး ရှင်းရှင်းလင်းလင်း မြင်ရသည်။ ခွေး၏ခန္ဓာကိုယ် အလေးချိန်ကို နောက်ခြေထောက်များက အနည်းငယ် ပို၍ထမ်းရသည်။

**ခြေဖဝါး**

လုံးဝိုင်း၍တိုသည်။ ခြေချောင်း တစ်ခုနှင့် တစ်ခု ပူးကပ်ပြီး မို့မောက်နေသည်။ ခြေဖဝါး ထူထဲပြီး မြဲမြံသည်။ လက်သည်းများသည် အမည်းရောင်ဖြစ်ပြီး တို၍သန်မာသည်။

**အမွေး**

အမွေးတိုတို ဖြစ်ရမည်။ အမွေးနှစ်လွှာဖြစ်ပြီး အောက်ခံအမွေးက ပိုထူသည်။ အပေါ်လွှာက အမွေးသည် သိပ်သည်း၍ အသင့်အတင့်သာ ရှည်သည်။ အမွေးပုံစံမှာ မာကျောထူထဲပြားကပ်၍ ကြမ်းတမ်းသည်။ အမွေး၏အလျားမှာ အမျိုးမျိုးကွဲပြားသည်။ ပေါင်ရင်းနားတွင် ကြိုးသိုင်းဘောင်းဘီဝတ်ထားသကဲ့သို့ ဖြစ်နေသည်။

**အရောင်အသွေး**

အမည်းရောင်နှင့် အညိုရောင်၊ ခါးပိုင်းအမည်းရောင်နှင့် ဝါညိုရောင်၊ ခါးပိုင်းအမည်းရောင်နှင့် မီးခိုးဖျော့ရောင်၊ ခါးပိုင်းအညိုရင့်ရောင်တို့ ဖြစ်ကြသည်။ ရင်ဘတ်ပိုင်းနှင့် ခြေထောက်အတွင်းပိုင်းတွင် အဖြူရောင်အမှတ်အသားများ ပါခြင်းကို ခွင့်ပြု

mgyoe.com

mgyoe.com SAMPLE BOOK


သည်။ အခြားအရောင်များမှာ တစ်ကိုယ်လုံး အမည်းရောင်၊ သံမဏိမီးခိုးရောင်၊ အညိုနှင့် မီးခိုးရောင်တို့ ဖြစ်ကြသည်။ အောက်ခံအမွေးက အရောင်ဖျော့သည်။ ခွေးငယ်လေးများ၏ အရောင်ကို အမွေးလဲပြီးမှသာ ဆုံးဖြတ်နိုင်သည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)
# German Shepherd ခွေးတစ်ကောင် ဝယ်ယူရန် ရွေးချယ်ခြင်း

German Shepherd ခွေးတစ်ကောင်ကို မဝယ်ယူခင် ခွေးရရှိပြီးနောက်ပိုင်း ကြုံတွေ့ရမည့် နောက်ဆက်တွဲအကြောင်းအရာများအား အချိန်ယူ၍ သေချာစွာ စဉ်းစားသင့်ပေသည်။ သင်နှင့် သင့်မိသားစုသည် ခွေးအတွက် ကောင်းမွန်သော အရိပ်အာဝါသနှင့် စနစ်တကျ စောင့်ရှောက်မှုပေးနိုင်မည်လား ဟု သင့်ကိုယ်သင် မေးကြည့်ပါ။ German Shepherd ခွေးတစ်ကောင်၏ ပျမ်းမျှသက်တမ်းမှာ ၁၂ နှစ်ခန့် ရှိသည် ဆိုသောအချက်ကိုလည်း ထည့်သွင်းစဉ်းစားပါ။ သင့်အိမ်မွေးတိရစ္ဆာန်သည် သင့်အိမ်မှာ ကောင်းမွန်ပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် ၁၂ နှစ်တာ ကာလလုံးလုံး သင့်မှာ တာဝန်ရှိပေသည်။

### သင်၏ဘဝနေမှုပုံစံနှင့် လိုက်လျောညီထွေဖြစ်သလား

အောက်ဖော်ပြပါ မေးခွန်းများသည် German Shepherd ခွေးတစ်ကောင် ဝယ်ယူရန် ဆုံးဖြတ်ရေးအတွက် အထောက်အကူပြုပါလိမ့်မည်။

- သင်၏အလုပ်အကိုင်နှင့် သင်၏ကိုယ်ပိုင်ဘဝတို့နှင့်ပတ်သက်၍ ၁၂ နှစ်ကျော်ကာလအတွင်း ခွေးကို ကောင်းစွာ စောင့်ရှောက်နိုင်ပါသလား။

mgyoe.com

mgyoe.com SAMPLE BOOK


- အကယ်၍ သင်သည် အိမ်ငှားဖြစ်ပါက အိမ်ငှားနေသည့်ကာလအတွင်း ခွေးမွေးထားခြင်းကို အိမ်ရှင်က ခွင့်ပြုပါသလား။
- သင့်မှာ ခြံဝင်းကျယ်ရှိသလား၊ သို့မဟုတ် ခွေးထားရန် လုံလောက်သော အကျယ်အဝန်းရှိသည့်အခန်း ရှိပါသလား၊ German Shepherd သည် အိမ်ထဲမှာသာ လှောင်၍မွေးရသော ခွေး မဟုတ်ပါ။
- ရာသီဥတုဆိုးဝါးသောအချိန်မှာပင် သင်သည် သင့်ခွေးနှင့်အတူ တစ်နေ့လျှင် နှစ်ကြိမ်၊ သို့မဟုတ် သုံးကြိမ်ခန့် ခရီးဝေးဝေး လမ်းလျှောက်နိုင်ရန် စီစဉ်ထားပါသလား။
- တစ်နေ့လျှင် သုံးနာရီထက် ပိုကြာအောင် ခွေးတစ်ကောင်တည်းကို အိမ်မှာထားခဲ့ခြင်းမျိုး မလုပ်ပါဘူး ဟု အာမခံချက်ပေးနိုင်ပါသလား။
- ခွေးကို အခြေခံလေ့ကျင့်သင်ကြားမှုပြုလုပ်ရန် အချိန်ပေးနိုင်ပါသလား၊ အထူးလေ့ကျင့်ရေးသင်တန်းများသို့ပို့ရန် အစီအစဉ်ရှိပါသလား။
- သင်၏အားလပ်ရက် အပန်းဖြေခရီးစဉ်မှာ ခွေးကို တစ်ပါတည်းခေါ်ဆောင်နိုင်သလား၊ သင်ခရီးသွားချိန်၊ သို့မဟုတ် မကျန်းမာချိန်တွင် ခွေးကို ကောင်းစွာစောင့်ရှောက်နိုင်ပြီး သင့်ခွေးနှင့်လည်း အကျွမ်းတဝင်ရှိသည့် မိတ်ဆွေတစ်ဦးဦး ရှိပါသလား၊ အချို့ခွေးများသည် ခွေးအပ်နှံရာနေရာမှာ ဘော်ဒါအနေဖြင့်ထားခဲ့ခြင်းကို မနှစ်သက်ပေ။
- ခွေး၏အစားအစာ ကုန်ကျစရိတ်၊ သန့်ရှင်းသပ်ရပ်အောင် ပြုလုပ်ရသည့် ကုန်ကျစရိတ်၊ ဆေးကုသမှုကုန်ကျစရိတ်၊ ကာကွယ်ဆေးထိုးခြင်းနှင့် လိုင်စင်အတွက် ကုန်ကျစရိတ်တို့ကို တာဝန်ယူနိုင်ပါသလား၊
- German Shepherd ခွေးတစ်ကောင် ဝယ်ယူမွေးမြူမည့်ကိစ္စကို မိသားစုဝင်အားလုံးက သဘောတူကျေနပ်ပါသလား။

mgyoe.com

mgyoe.com
SAMPLE BOOK


- သင့်မိသားစုဝင် တစ်ဦးဦးသည် ခွေးအမွေးများကြောင့် ဓာတ်မတည့်သော ယားယံမှု ဖြစ်တတ်ပါသလား၊ အကယ်၍ သေချာစွာမသိပါက ခွေးမဝယ်မီ ဆရာဝန်နှင့် တိုင်ပင်ပါ။

**အထီးလား၊ အမလား**

အထီး၊ အမ ရွေးချယ်ရေးမှာ သင်၏ကိုယ်ပိုင်စိတ်ကူး၊ ကိုယ်ပိုင်နှစ်သက်မှုအပေါ်တွင်သာ မူတည်ပါသည်။ အထီးနှင့်အမတို့သည် အမူအကျင့်နှင့် စိတ်နေစိတ်ထား များစွာ ကွာခြားမှုမရှိပါ။ ခွေးထီးတစ်ကောင်သည် ခွေးမတစ်ကောင်ကဲ့သို့ပင် ချစ်ခင်နှစ်သက်စရာ ကောင်းပါသည်။



ဘောလုံးကို ပြန်ကောက်ပေးပြီး နောက်တစ်ကြိမ်ထပ်မံ ကောက်ပေးရန် အဆင်သင့် ဖြစ်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


အထီးသည် အမထက် လမ်းထွက်ချင်သော သွင်ပြင် ရှိပြီး အခြားခွေးထီးများနှင့် ယှဉ်လျှင် ညစ်ပတ်ပြီး မသပ်မရပ်ဖြစ်တတ်သည်။ လမ်းလျှောက်နေစဉ် သူ၏နယ်နိမိတ်အမှတ်အသား ပြုလုပ်သည့်အနေဖြင့် ဆီး မကြာခဏ စွန့်ထုတ်တတ်သည်။ သားတောင်းနေသော (မြိုင်ထနေသော) ခွေးမတစ်ကောင်၏အနံ့အသက်ကို ရပါက သူသည် အခွင့်အရေးရတိုင်း သူ၏ ကိုယ်ပိုင်အနံ့ရစေရန် အမှတ်အသားပြုလုပ်လိမ့်မည်။

အမတစ်ကောင်သည် တစ်နှစ်လျှင် နှစ်ကြိမ် သားတောင်းတတ်သည် (မြိုင်ထသည့်လက္ခဏာပြတတ်သည်)။ သားတောင်းချိန်တွင် အမတန်ဆာမှ သွေးဆင်းတတ်ပြီး ရက် ၂၀ ခန့် ကြာမြင့်သည်။ ထိုကာလ၌ ခွေးမသည် ပုံမှန်ထက် ဂနာမငြိမ် ဖြစ်တတ်သည်။ အကယ်၍ သင်သည် အစီအစဉ်မရှိဘဲ သားပေါက်ခြင်းကို မလိုလားပါက သားတောင်းချိန်ရောက်နေသော ခွေးမအနားသို့ ခွေးထီးများ လုံးဝမလာနိုင်အောင် ခွဲထားပါ။

## ခွေးငယ်လေးလား၊ အရွယ်ရောက်ပြီးခွေးလား

ခွေးငယ်လေးကို ရွေးချယ်ခြင်းသည် သေချာသော အကျိုးကျေးဇူးများ ရှိပေသည်။ ခွေးငယ်လေးဘဝမှ ဖွံ့ဖြိုးကြီးပြင်းလာသည့်အဆင့်တိုင်းတွင် သေချာစွာ လေ့ကျင့်ခြင်း၊ အရည်အသွေး ထက်မြက်စေရန် အားပေးခြင်းဖြင့် ခွေးအပေါ် တိုက်ရိုက်လွှမ်းမိုးနိုင်သည်။ သို့သော် ခွေးငယ်လေးကို မွေးခြင်းသည် အချိန်၊ စိတ်ရှည်မှုနှင့် မြဲမြံစွာ ကိုင်တွယ်မှုတို့ များစွာ လိုအပ်သည်။

ခွေးငယ်လေးကို မဝယ်ယူခင် ခွေးလေ့ကျင့်ခြင်းနှင့်ပတ်သက်သော စာအုပ်စာတမ်းများကို စုဆောင်းပြီး ဖတ်ရှုလေ့လာပါ။ ခွေးစောင့်ရှောက်ခြင်းနှင့် ခွေးလေ့ကျင့်ခြင်းတို့တွင် မရည်ရွယ်ဘဲ ပြုလုပ်တတ်သော အမှားအယွင်းများကြောင့် အမူအကျင့်ဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်စေပြီး ထို German Shepherd ခွေးသည်

mgyoe.com

mgyoe.com
SAMPLE BOOK


အလွန်အန္တရာယ်ကြီးမားသော သတ္တဝါအဖြစ်သို့ ရောက်စေတတ်သည်။

အရွယ်ရောက်ပြီးသော ခွေးကို ဝယ်ပါက ခန္ဓာကိုယ်ဖွံ့ဖြိုးမှု ပြီးပြည့်စုံနေသည့်နည်းတူ အမူအကျင့်များလည်း ပုံသွင်းပြီးသားဖြစ်နေသည်။ ထိုအခြေအနေမှ ဝယ်ယူလျှင် သင့်အနေဖြင့် များစွာလေ့ကျင့်ပေးရန် မလိုတော့ပေ။ သို့သော် ပိုင်ရှင်အပြောင်းအလဲ၊ ပတ်ဝန်းကျင်အသစ်နှင့် လူစိမ်းများသည် ခွေးကို ကြောက်ရွံ့စေနိုင်သည်။ သင်သည် သင့်ခွေးအနေအထားကို နားလည်မှုများစွာ ရှိကြောင်း ဖော်ပြနှစ်သိမ့်ပေးရန် လိုသည်။

## နာမည်ကောင်းရှိသော ခွေးမွေးမြူရေးခြံကို ရှာဖွေခြင်း

ခွေးမွေးမြူရေးခြံများ၏ လိပ်စာတို့ကို စုံစမ်းပါ။ ခွေးမွေးမြူသူတို့၏ ခြံသို့ သွားရောက်လည်ပတ်ခြင်းဖြင့် ခွေး၏ရုပ်ရည်သွင်ပြင်ကို နှိုင်းယှဉ်လေ့လာနိုင်မည်။ ထို့အတူ ခွေးထားသည့်နေရာနှင့် ပြုစုစောင့်ရှောက်ထားသည့်အခြေအနေကိုလည်း တွေ့မြင်နိုင်မည် ဖြစ်သည်။ ဝေးလံလွန်းသော အရပ်ဒေသတို့မှ ခွေးကိုဝယ်ယူရန် မကြိုးစားသင့်ပေ။ အရေးကြီးသောအချက်မှာ ရုပ်ပိုင်း၊ စိတ်ပိုင်း ကျန်းမာကြံ့ခိုင်သော ခွေးငယ်လေးရရှိရေးပင် ဖြစ်သည်။ တစ်နိုင် တစ်ပိုင် မွေးသော ခွေးပိုင်ရှင်များ၏ခြံတွင် ခွေးများသည် မိသားစု နှင့်အတူ နေခွင့်ရသည်။ ထိုခွေးများသည် လူနှင့်ယဉ်ပါးနေပြီး သူတို့ကို လာဝယ်သောအခါ အိမ်ထဲသို့ အတင်းပြေး၍ ဝင်ပုန်းနေ နိုင်သည်။

German Shepherd ခွေးကို အမြောက်အမြားမွေးထားသော ခြံ၌ လူနှင့် အထိအတွေ့နည်းသောကြောင့် ခွေးငယ်လေးများသည် ရှက်ရွံ့ထိတ်လန့်ခြင်းနှင့် အမူအကျင့်ဆိုင်ရာ ပြဿနာအချို့ ရှိနိုင်သည်။ ခွေးကို ထားသောနေရာ မသန့်ရှင်းခြင်း၊ ပြုစုစောင့်ရှောက်မှုအားနည်းခြင်းနှင့် ခွေးမွေးမြူခြင်းနှင့် ပတ်သက်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK


ဗဟုသုတနည်းပါးခြင်း စသော အားနည်းချက်များ ရှိသည့် ခြံမှ မဝယ်ပါနှင့်။ သင်သည် ခွေးခြံများတွင် မကျန်းမာသော ခွေးတို့ ကိုလည်း တွေ့ရလိမ့်မည်။ German Shepherd ခွေးအကြောင်း ကောင်းစွာ နားလည်ပြီး အဆင့်အတန်းမီ ပြုစုစောင့်ရှောက်ထား သော ခြံမှသာ ဝယ်ပါ ဟု အကြံပြုလိုပါသည်။

သတိပြုကြည့်ရန်မှာ -

- ခွေးထားသောနေရာနှင့် အစာခွက်၊ ရေခွက်တို့ သန့်ရှင်းမှု ရှိ မရှိ စစ်ဆေးပါ။ ခွေးသည် ကျန်းမာရေးနှင့်ပတ်သက်ပြီး အကောင်းဆုံးအနေအထား ရှိနေရမည်။
- ခွေးပိုင်ရှင်သည် သူ၏ခွေးများအပေါ် ချစ်ခင်တွယ်တာသော ဆက်ဆံရေး ရှိသင့်သည်။ မိခင်၊ ဖခင်နှင့် သူတို့၏ ခွေးငယ်လေး များ အားလုံးတို့သည် ခွေးပိုင်ရှင်နှင့် သင်အပါအဝင် လူစိမ်းများ ကို ကြောက်ရွံ့ခြင်း မရှိသင့်။
- ခွေးငယ်လေးများသည် ခွေးပိုင်ရှင်၏ အိမ်ထဲသို့ ဝင်ထွက်သွား လာနိုင်ခွင့် ရှိရမည်။ သို့မှသာ လူများ၊ ဧည့်သည်များ၊ အိမ်ထဲ မှ ကြားနေကျ အသံဗလံများနှင့် ထိတွေ့ယဉ်ပါးမှု ရှိပေမည်။
- ခွေးပိုင်ရှင်သည် သင်၏ကိုယ်ပိုင်ဘဝ၊ နေမှုပုံစံနှင့် ခွေးကလေး နေရမည့်အနေအထားကို သိလိုစိတ်နှင့် မေးမြန်းသင့်သည်။ ဤမေးခွန်းများမေးခြင်းသည် ခွေးပိုင်ရှင်အနေနှင့် သူ၏ခွေး ငယ်လေး အနာဂတ်မှာ ကောင်းမွန်စွာ နေနိုင်ရေးအတွက် တာဝန်သိစိတ်ဖြင့် မေးမြန်းခြင်း ဖြစ်သည်။

အောက်ပါအခြေအနေများ ရှိလျှင် မဝယ်ပါနှင့်။ အကယ်၍

- ခွေးထားသောနေရာနှင့် ခွေး၏အသုံးအဆောင်ပစ္စည်းတို့ကို ကြည့်ခွင့်မပေးသောအခါ၊
- လူနှင့်ထိတွေ့မှု လုံးဝမရှိသောနေရာမှာ လှောင်အိမ်ဖြင့် မွေး ထားသောအခါ၊

mgyoe.com

mgyoe.com SAMPLE BOOK


- ခွေးပိုင်ရှင်သည် ခွေးအမ နှစ်ကောင်ထက် ပို၍ သားပေါက်နေသောခွေးများ ရှိသည့်အခါ ခွေးကလေးများကို ဂရုစိုက်မှုအနည်းငယ်သာ ပေးနိုင်လိမ့်မည်။ အမူအကျင့်ဆိုင်ရာ ပြဿနာများသည် ခွေးကလေး ငယ်ရွယ်စဉ်ကပင် စနစ်တကျ အစီအစဉ်ချမှတ်ပြီး ပြုပြင်ပုံသွင်းမှုရပေသည်။

## မွေးစာရင်းထောက်ခံစာ

မွေးစာရင်းသက်သေခံအထောက်အထားများသည် ခွေးကလေး၏မျိုးရိုးဆင်းသက်လာပုံကို ဖော်ပြသည်။ အမေရိကရှိ German Shepherd ကလပ်တွင် မည်သည့်အရောင်ရှိသော ခွေးသည် အချင်းချင်းသားစပ်၍ ရ မရ တင်းကြပ်သောသတ်မှတ်ချက်များ ရှိပေသည်။ ခွေး၏မိဘမျိုးရိုးသည် ခွေးပြပွဲတွင် ချန်ပီယံဆုရထားလျှင်၊ ခွေးပြိုင်ပွဲတွင် အလိမ္မာစွမ်းရည်ဆု ရထားလျှင် မွေးစာရင်းမှာ ဖော်ပြထားလိမ့်မည်။



ခွေးငယ်လေးများသည် တစ်ကောင်နှင့် တစ်ကောင် ကူးလူးဆက်ဆံဆော့ကစားကြသည်။

ခွေး၏မိဘမျိုးရိုးသက်သေခံအထောက်အထားများကို သေချာစွာ စစ်ဆေးပါ။ အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံအများစု၌ ခွေး၏မွေးစာရင်းမှာ မိဘတို့သာမက ဘိုးဘေးဘီဘင် အဆက်ဆက်၏ ခွေးမှတ်ပုံတင်နံပါတ်များပါ ပါရှိတတ်သည်။ ထိုမှတ်ပုံတင်နံပါတ်ကို ခွေး၏ဘယ်ဘက်ခြေထောက်အတွင်းသား၊

mgyoe.com

mgyoe.com  SAMPLE BOOK

တင်ပါးနှင့် နားရွက်အတွင်းသားတို့မှာ တံဆိပ်ရိုက်နှိပ်ဖော်ပြထား
သည်။

**ကာကွယ်ဆေးထိုးခြင်း**

ခွေး၏ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်သည့်အနေနှင့် အန္တရာယ်ကြီးသောရောဂါ၊ သေကျေပျက်စီးနိုင်သောရောဂါအချို့တို့ကို ခုခံနိုင်သည့် ကာကွယ်ဆေးထိုးခြင်းသည် ခွေးအတွက် အရေးကြီးသည်သာမက တချို့နိုင်ငံများတွင် ကာကွယ်ဆေးမထိုးမနေရ ဟု ဥပဒေချမှတ်ထားသဖြင့် ဥပဒေအရလည်း အရေးကြီးပါသည်။

ခွေးမွေးမြူသည့် ခြံတွင် ရှိစဉ် အသက်ခြောက်ပတ်သားအရွယ်မှ စတင်၍ ပထမဆုံးအကြိမ် ကာကွယ်ဆေးထိုးပြီး ဖြစ်ရမည်။ ပထမဆုံးကာကွယ်ဆေးသည် ခွေးကျောက်ရောဂါ (Distemper)၊ ဝက်သက်ရောဂါ (Measles)၊ သွေးဝမ်းရောဂါ (Parvorirus)၊ Hepatitis၊ Leptospirosis၊ Paraingleunza၊ Corona Virus စသော ရောဂါကာကွယ်ဆေး ဖြစ်သည်။

သင်သည် ခွေးငယ်ဖြစ်စေ၊ အရွယ်ရောက်ခွေးဖြစ်စေ ဝယ်ယူသောအချိန်တွင် ခွေး၏ကာကွယ်ဆေးမှတ်တမ်း တစ်ပါတည်း ပါရှိရမည်။ သို့မှသာ သင့်ခွေးကို ပြသမည့် တိရစ္ဆာန်ဆေးကုဆရာဝန်သည် လိုအပ်သည်များကို ဆက်လက်လုပ်ဆောင်နိုင်ပေမည်။ ကာကွယ်ဆေးမှတ်တမ်းသည် ကျန်းမာရေးမှတ်တမ်း၏ အခြေခံပင် ဖြစ်သည်။ လက်ရှိမှတ်တမ်းများနှင့် ယခင်မှတ်တမ်းအဟောင်းများကိုပါ ခွေး၏သက်တမ်း ရှိသရွေ့ သေချာစွာ သိမ်းဆည်းထားရန် လိုအပ်သည်။

ပုံမှန်အားဖြင့် ခွေးငယ်လေးများကို မရောင်းခင် သန်ချထားလေ့ရှိကြသည်။ သန်ချဆေးအမျိုးအစားနှင့် သန်ချထားသည့် အကြိမ်အရေအတွက်ကို ခွေးပိုင်ရှင်အား မေးမြန်းပါ။ ခွေးကလေး

mgyoe.com

mgyoe.com SAMPLE BOOK


ကို မဝယ်မီ တိရစ္ဆာန်ဆေးကုဆရာဝန်ထံမှာ ကျန်းမာရေးစစ်ဆေးခွင့် တစ်ကြိမ်ခန့် ရနိုင်လျှင် ပိုကောင်းသည်။

## စာချုပ်ဖြင့် ဝယ်ယူခြင်း

စာချုပ်စာတမ်းဖြင့် ဝယ်ယူသည့်အခါ အောက်ပါအချက်များ ပါဝင်ရမည်။

- သင်၏လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ ခွေးပိုင်ရှင်၏လိပ်စာနှင့် တယ်လီဖုန်းနံပါတ်၊
- ခွေးကလေး၏အမည်၊ လိင်အမျိုးအစား၊ မွေးဖွားသည့် နေ့ရက်၊ ခွေးမှတ်ပုံတင်နံပါတ်၊
- ခွေး၏တန်ဖိုးငွေ
- ခွေးကို လွှဲပြောင်းရယူသည့်နေ့ရက်

## ခွေးငယ်လေးအား ရွေးချယ်ခြင်း

အသက် ရှစ်ပတ်မှ ဆယ်ပတ်ကြား အရွယ်ရှိ ခွေးကလေးများသည် ပတ်ဝန်းကျင်သစ်တွင် အခြေချရန် အလွယ်ကူဆုံးအချိန်ဖြစ်သည်။ ထို့ပြင် ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်အောင် စတင်လေ့ကျင့်သင်ကြားပေးနိုင်သော အချိန်လည်း ဖြစ်သည်။ ခွေးကလေးကို သင့်အိမ်သို့ မယူဆောင်ခင် နှစ်ပတ်-သုံးပတ်အလိုကတည်းက ခွေးမွေးမြူသည့်ခြံသို့ သွားရောက်ပြီး ခွေးကလေးနှင့် ရင်းနှီးကျွမ်းဝင်အောင် လုပ်ဆောင်ထားသင့်သည်။ လည်ပတ်သည့်အချိန်ကို တဖြည်းဖြည်းတိုးမြှင့်ပြီး ကစားချိန်နှင့် အစာစားချိန်မှာ အချိန်ယူ၍ စောင့်ကြည့်လေ့လာသင့်သည်။ နာမည်ကောင်းရှိသော ခွေးပိုင်ရှင်သည် သင်၏စိတ်ဝင်စားမှုနှင့် အကဲခတ်လေ့လာမှုကို ဝမ်းမြောက်စွာလက်ခံပြီး ခွေးကလေးနှင့် ရင်းနှီးအောင် အကူအညီပေးပေလိမ့်မည်။ သူသည် ခွေးတစ်ကောင်ချင်းစီ၏ ထူးခြားသော ကိုယ်ပိုင်အရည်အသွေးကို သင်သိအောင် ပြောပြနိုင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


အောက်ပါအချက်များကို သတိပြုခြင်းဖြင့် ခွေးကလေး၏ကျန်းမာမှုအခြေအနေကို သင်ကိုယ်တိုင် စစ်ဆေးနိုင်လိမ့်မည်။

- ကျန်းမာသောခွေးတစ်ကောင်သည် သွက်လက်ဖျတ်လတ်သည်။ ကစားလိုစိတ် ရှိသည်။
- မဝလွန်း၊ မပိန်လွန်းသော အခြေအနေသည် အာဟာရပြည့်စုံမှုကို ပြသည်။
- သင်ကခေါ် လျှင် စူးစမ်းလိုစွာ၊ ယုံကြည်စွာ သင့်ထံ လာရမည်။
- အမွေးနှင့် အရေပြားသည် သန့်ရှင်းတောက်ပြောင်နေရမည်၊ အညစ်အကြေးအနံ့များ မရစေရ။
- မျက်ရည်ကျခြင်း၊ နှာရည်ကျခြင်း ကင်းရှင်းရမည်၊ နားအတွင်း သန့်ရှင်းနေရမည်။
- ခွေးထီးကလေး ဖြစ်ပါက ဝှေးဥ (Testicles) နှစ်ခုလုံး စမ်းမိရမည်။ ဖိ၍မစမ်းပါနှင့်။

ခွေးကလေးကို မယူခင် အောက်ပါတို့ကို ကြိုတင်ပြုလုပ်ပါ။

- နှစ်ရက်-သုံးရက် အလိုမှာ သင့်အိမ်က အဝတ်၊ သို့မဟုတ် စောင်တစ်ခုကို ခွေးပိုင်ရှင်ထံ ယူသွားပြီး ထားခဲ့ခြင်းဖြင့် မူလအိမ်၏အနံ့အသက်တို့ စွဲကျန်အောင် လုပ်ပါ။ ထိုအနံ့အသက်သည် ခွေးကလေးအား သူ၏မိခင်နှင့် မွေးချင်းတို့ကို ခွဲခွာသည့်အခါ ပတ်ဝန်းကျင်အသစ်၌ အလွယ်တကူ နေသားကျအောင် ကူညီနိုင်မည်။
- ခွေးကလေးကို အစာကျွေးသည့်ပုံစံနှင့် အစာအမျိုးအစားတို့ကို မေးမြန်းပါ။ အစာကို ရုတ်တရက် ပြောင်းလဲကျွေးပါက အစာအိမ်နှင့် အူလမ်းကြောင်းရောဂါများ ဖြစ်တတ်သည်။
- ခွေးကလေး သင့်အိမ်ရောက်ပြီး နောက်တစ်နေ့တွင် တိရစ္ဆာန်ဆေးကုဆရာဝန်ထံ ပြသနိုင်ရန် ကြိုတင်ချိန်းဆိုပါ။

mgyoe.com

mgyoe.com SAMPLE BOOK


## နေထိုင်ရာနေရာ

သင့်မိသားစုနေထိုင်ရာ အိမ်အတွင်း၌ ခွေးကလေးကို ထားခြင်းသည် စနစ်ကျသောပြုစုစောင့်ရှောက်ခြင်းပင် ဖြစ်သည်။

သင့်အိမ်၊ သို့မဟုတ် တိုက်ခန်းထဲရှိ ခြောက်သွေ့၍ ဖုန်မှုန့်ကင်းသောနေရာသည် ခွေးအိပ်ရန်နေရာ ဖြစ်သည်။ ထိုနေရာမှ လှမ်းကြည့်လျှင် မိသားစုကို ကောင်းစွာမြင်နိုင်ရမည်။ ခွေးကို အေးဆေးငြိမ်သက်စွာ နေစေလိုသည့်အချိန်တိုင်း ထိုနေရာမှာ ထားပြီး လေ့ကျင့်ပေးနိုင်သည်။ ခွေးအိပ်ရန်နေရာတွင် ခွေးရှိနေချိန်၌ သင့်ကလေးများက သွားရောက်မနှောင့်ယှက်သင့်ပါ။ ခွေးငယ်လေး အတွက် အိပ်စရာခြင်းတောင်းတစ်လုံး ချထားပေးပါ။ ခွေးကြီး အတွက် သင့်တော်မည့် အိပ်ရာ စီစဉ်ပေးပါ။ လျှော်ဖွပ်ရလွယ်ကူသော စောင်ချောတစ်ထည် ခင်းပေးသင့်သည်။



Basset Hound ခွေးအမသည် German Shepherd ခွေး၏အမွှေးကို လျှာဖြင့် လျက်ပေးနေပုံ

mgyoe.com

mgyoe.com SAMPLE BOOK


ခွေးများသည် မြေပြင်ထက်၊ သို့မဟုတ် ကြမ်းခင်းထက် အနည်းငယ်မြင့်သော နေရာတွင် လဲလျောင်းရခြင်းကို နှစ်သက်သဖြင့် သစ်သားကွပ်ပျစ်ခပ်ပါးပါးတစ်ခု ချထားပြီး စောင်ချောတစ်ထည် ခင်းပေးပါ။ သို့မဟုတ် ခြင်းတောင်းချထားပါ။

သင့်မှာ ခြံဝင်းကျယ်ကျယ် ရှိပါက သင့်ခွေး လွတ်လပ်စွာ ပြေးလွှားနိုင်မည့်နေရာတစ်ခု ကန့်သတ်ထားပါ။ ထိုနေရာတွင် ခွေးအိမ်တစ်ခုလည်း ပါရမည်။ သင်သည် တစ်နေ့လျှင် နာရီအနည်းငယ်ကြာအောင် ခွေးကို ထိုနေရာ၌ ထားနိုင်သည်။ သို့သော် ခွေးငယ်လေး သင့်အိမ်ရောက်ခါစမှာ မိသားစုနှင့်အတူ အိမ်ထဲမှာသာ ထားသင့်သည်။ နောက်ပိုင်းမှ ခြံဝင်းထဲတွင် နေတတ်အောင် တဖြည်းဖြည်းလေ့ကျင့်ပါ။

ဖျတ်လတ်သွက်လက်စွာ လှုပ်ရှားတတ်သော German Shepherd ခွေးကို တစ်နေရာတည်းမှာ ကြိုးချည်ထားခြင်းသည် မသင့်လျော်ပေ။ အကယ်၍ ခွေးချည်ကြိုးသည် ရှည်လျားပါက လှုပ်ရှားသွားလာခွင့်ပြုသင့်ပေသည်။

## လိုအပ်သောအသုံးအဆောင်များ

ခွေးငယ်လေးကို အိမ်သို့ ယူဆောင်မလာခင် လိုအပ်သော အသုံးအဆောင်ပစ္စည်းများလည်း ဝယ်ယူထားသင့်သည်။

## လည်ပတ်

ခွေးလည်ပတ်သည် အလျော့အတင်းပြုလုပ်ရလွယ်ကူရမည်။ ဖွံ့ဖြိုးလာမည့် ခွေး၏လည်ပင်းနှင့် လိုက်လျောညီထွေဖြစ်ရမည်။ ရိုးရိုးလည်ပတ်များကို သားရေ၊ သို့မဟုတ် နိုင်လွန်ဖြင့် ပြုလုပ်ထားသည်။ အရွယ်ရောက်ခွေးအတွက် လည်ပတ်ကို သံကြိုးလည်ပတ်၊ သို့မဟုတ် သားရေပျော့ဖြင့် ပြုလုပ်ထားသော လည်ပတ်အား ရွေးချယ်ကြသည်။ အချို့ကျွမ်းကျင်သူများက သားရေလည်

mgyoe.com

mgyoe.com SAMPLE BOOK


ပတ်သည် အပူအအေးဒဏ်၊ အစိုပြန်သောဒဏ်ကြောင့် ပျက်စီးလွယ်ပြီး သားရေနှံ့ နံသောကြောင့် မရွေးချယ်သင့် ဟု ဆိုကြသည်။ ဆူးချွန်များပါသောလည်ပတ် (Spiked Collar) ကိုမူ ထင်ရာလုပ်တတ်သောခွေးနှင့် အမိန့်မနာခံသော ခွေးတို့ကို လေ့ကျင့်ရာတွင် ခေတ္တခဏမျှသာ သုံးသင့်သည်။

**လိပ်စာကတ်ပြား**

သင့်ခွေးသည် အဝေးသို့ ပြေးထွက်တတ်သော ခွေး ဖြစ်ပါက သင်၏လိပ်စာကတ်ပြားကို ရေမစိုစေရန် စိမ်ပြီး ခွေးလည်ပတ်မှာ ချိတ်ဆွဲထားပါ။

**ခွေးချည်ကြိုး**

ခွေးငယ်လေးအတွက် ခွေးချည်ကြိုးသည် သားရေကြိုး၊ နိုင်လွန်ကြိုးများသာ ဖြစ်သင့်ပြီး နှစ်မီတာ (ခြောက်ပေခွဲ)ခန့် ရှည်ရမည်။ ခွေးချည်ကြိုးဖြင့် လေ့ကျင့်သော သင်ခန်းစာ မသင်ရသေးခင် ခွေးချည်ကြိုးအဖြစ် သံကြိုးကို မသုံးသင့်ပေ။ ခွေးကလေးသည် သံကြိုးကို သွားဖြင့်ကိုက်တတ်သောကြောင့် သွားများ ထိခိုက်ပျက်စီးတတ်သည်။ အကယ်၍ သင်သည် ခွေးကို ခြေရာကောက်သည့်အလုပ်၊ အနံ့ခံရှာဖွေသည့်အလုပ်ကို များစွာ လေ့ကျင့်လိုပါက ၁၀ မီတာ (၃၃ ပေ) ရှည်လျားသည့် ပေါ့ပါးသော သားရေကြိုးကို သုံးရမည်။ သင့်ခွေးသည် အရွယ်ရောက်ခွေး ဖြစ်လျှင် သားရေကြိုးအရှည်မှာ (၁-၂ မီတာ) ရှည်ရမည် ဖြစ်ပြီး လက်ကိုင်ကွင်းနှင့် ချိတ်ဆွဲရန် ချိတ်လည်း ပါရမည်။

**အမွေးနှင့် အရေပြားအသုံးအဆောင်**

မာကျောသော Bristle ဘရပ်ရှ်၊ ဘီးကျဲနှင့် ဘီးစိပ်၊ ဘရပ်ရှ်ရိုးရိုးတို့ ပါဝင်သည်။

mgyoe.com